ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

# အရှေ့တောင်အာရှလွှတ်တော်ကိုယ်စားလှယ်များသည် ဒီမိုကရေစီထောင်ချောက်များအကြား အန္တရာယ်ရှိနေဆဲဖြစ်ကြောင်းကို အစီရင်ခံစာအသစ်မှဖော်ပြ

မနီလာ- လူ့အခွင့်အရေးဆိုင်ရာ အာဆီယံလွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ ASEAN Parliamentarians for Human Rights (APHR) မှ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ယနေ့ထုတ်ပြန်သော အန္တရာယ်များထဲမှ လွှတ်တော်ကိုယ်စားလှယ်များ နောက်ဆုံးနှစ်ပတ်လည် အစီရင်ခံစာအရ အရှေ့တောင်အာရှရှိ နိုင်ငံအများအပြား၊ အထူးသဖြင့် မြန်မာနိုင်ငံနှင့် အခြားနေရာများတွင်ပါ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်ဟောင်းများသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပုံစံမျိုးစုံဖြင့် ဆက်လက်ခံစားနေကြရဆဲဖြစ်သည်။

"လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို လုံခြုံစွာ ဆောင်ရွက်နိုင်ခြင်းနှင့် ၎င်းတို့၏ မဲဆန္ဒနယ်များကိုယ်စား ပြောဆိုဆောင်ရွက်နိုင်ခြင်းတို့သည် ဒီမိုကရေစီကို ခိုင်မာအားကောင်းစေရန်နှင့် အာဏာကို ထိန်းကြောင်းနိုင်စေရန်အတွက် အရေးကြီးသော နည်းလမ်းများဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား တိုက်ခိုက်ခြင်းသည် အစုအဖွဲ့တစ်ရပ်လုံးအား တိုက်ခိုက်ခြင်းဖြစ်သည်ဟူသော ရှင်းလင်းပြတ်သားသည့် သတင်းစကားကို ယနေ့ ကျွန်မတို့ရဲ့ စုပေါင်းအသံမှ ပေးပို့လိုက်ပါသည်။ ကျွန်မတို့သည် သူတို့နှင့်အတူ စည်းလုံးစွာရပ်တည်ပေးပြီး အဓမ္မနှုတ်ပိတ်ခံရသူတို့၏ အသံများအား မမေ့ပျောက်စေရန်နှင့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအား ချိုးဖောက်မှုများကို အဆုံးသတ်စေရန် တောင်းဆိုသွားမည်ဖြစ်သည်။" ဟု APHR သဘာပတိနှင့် အင်ဒိုနီးရှားနိုင်ငံ အောက်လွှတ်တော် အဖွဲ့ဝင် Mercy Barends က ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် အရှေ့တောင်အာရှရှိ လွှတ်တော်ကိုယ်စားလှယ်များသည် ခြိမ်းခြောက်မှုများနှင့် နှောင့်ယှက်တိုက်ခိုက်မှုများကို ဆက်လက်ကြုံတွေ့ခဲ့ကြရသည်။ လွှတ်တော်ကိုယ်စားလှယ်များအား ဖမ်းဆီးအကျဉ်းချရာတွင် မြန်မာနိုင်ငံသည် အဆိုးရွားဆုံးနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေပြီး ဒေသတွင်းရှိ အကျဉ်းကျခံနေရသော လွှတ်တော်ကိုယ်စားလှယ် ၇၄ ဦးစလုံးမှာ မြန်မာနိုင်ငံတွင်ဖြစ်သည်။

ဥပဒေပြုအမတ် စုစုပေါင်း ၇၃ ဦးသည် အမျိုးသားဒီမိုရေစီအဖွဲ့ချုပ် National League for Democracy (NLD) မှဖြစ်ပြီး ကျန်တစ်ဦးမှာ အခြားပါတီတစ်ခု ဖြစ်သော မွန်ညီညွတ်ရေးပါတီ Mon Unity Party မှဖြစ်သည်။ ဤအချက်သည် ၂၀၂၀ ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သော NLD ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်နေခြင်းကြောင့် အထူးပစ်မှတ်ထား ဖမ်းဆီးခံရခြင်းဖြစ်သည်ဟူသော ဖမ်းဆီးမှုများ၏ နိုင်ငံရေးသဘောသဘာဝကို မီးမောင်းထိုးပြနေသည်။ ဖယ်ရှားခံခဲ့ရသော လွှတ်တော်ကိုယ်စားလှယ်အများအပြားသည် စစ်တပ်မှရှာဖွေတွေ့ရှိသွားပါက ဖမ်းဆီးအကျဉ်းချခံရခြင်း၊ နှိပ်စက်ခံရခြင်းအန္တရာယ်များ နှင့် သေဆုံးခြင်းကိုပင် ခံစားရနိုင်သောကြောင့် မြန်မာနိုင်ငံအတွင်း သို့မဟုတ် ပြည်ပတွင် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ပုန်းခိုကာ ဆက်လက်ဆောင်ရွက်နေကြသည်။ အချို့မှာ ၎င်းတို့၏ မိသားစုဝင်များ အန္တရာယ်ပြုခံရခြင်းနှင့် ပိုင်ဆိုင်မှုများအား စစ်တပ်မှ သိမ်းဆည်းခြင်းတို့ကိုလဲ ကြုံတွေ့ခဲ့ကြရပြီးဖြစ်ပါသည်။

သို့သော် မြန်မာနိုင်ငံသည် လွှတ်တော်ကိုယ်စားလှယ်များအပေါ် နှောင့်ယှက်တိုက်ခိုက်မှုဖြစ်ပွားသည့် တစ်ခုတည်းသောနေရာမဟုတ်သည့်အပြင် အရှေ့တောင်အာရှနိုင်ငံအများအပြားရှိ အစိုးရများသည် အထူးသဖြင့် အတိုက်အခံဥပဒေပြုအမတ်များအား ဆန့်ကျင်ရန် တရားစီရင်ရေးဆိုင်ရာ နှောင့်ယှက်တိုက်ခိုက်မှုများကို ဆက်လက်အသုံးပြုလျက်ရှိသည်။ ဥပမာအားဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် APHR အဖွဲ့ဝင်နှင့် အထက်လွှတ်တော်ကိုယ်စားလှယ်ဟောင်း Leila de Lima သည် ၇ နှစ်နီးပါးကြာမြင့်ခဲ့သော မတရားဖမ်းဆီးအကျဉ်းချမှုကို ခံရပြီးနောက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် အာမခံဖြင့် လွတ်မြောက်ခဲ့သော်လည်း သူမသည် ယခုထက်တိုင် သူမအားစွဲချက်တင်ထားသော နောက်ဆုံးလက်ကျန် မူးယစ်ဆေးဝါးအမှုအတွက် တရားရင်ဆိုင်ရန် စောင့်နေဆဲဖြစ်သည်။

"ကျွန်မရဲ့အမှုဟာ ကျွန်မတို့ဒေသမှ ဆက်လက်မြင်တွေ့နေရတဲ့ အမှုကိစ္စများစွာထဲကမှ တစ်ခုမျှသာ ဖြစ်ပါတယ်။ ဒါဟာ အတိုက်အခံပြုသူတွေကို နှုတ်ဆိတ်စေ၊ ကွဲပြားတဲ့ အသံတွေ ထိန်းချုပ်နှိမ်နင်းစေပြီး နောက်ဆုံးမှာ အခြေခံလွတ်လပ်ခွင့်တွေကို ချုပ်ငြိမ်းသွားစေတဲ့ စိုးရိမ်ဖွယ် အာဏာရှင်စနစ်အလေ့အထကို အလားအလာများစွာရှိတဲ့ ဒေသတစ်ခုဖြစ်တဲ့ အရှေ့တောင်အာရှဟာ မျက်မြင်တွေ့နေရကြောင်းကို ရောင်ပြန်ဟပ်နေတယ်" ဟု de Lima ကပြောသည်။ "လွတ်လပ်စွာပြောဆိုခွင့်ကို ထိန်းချုပ်ဖို့ ပြင်းထန်တဲ့ ဥပဒေတွေကို ဆက်လက်အသုံးပြုခြင်း၊
အချိန်ကိုက်ပြီး ထောင်သွင်းအကျဉ်းချခြင်း၊ ထိန်းချုပ်ခြင်းနှင့် အကြမ်းဖက်ခြင်း အစရှိတဲ့ နည်းပရိယာယ်ပေါင်းစုံကို သုံးပြီး ဒါကိုဆောင်ရွက်နေခြင်းဖြစ်ပါတယ်။"

ဖိလစ်ပိုင်နိုင်ငံတွင်လည်း အတိုက်အခံ လွှတ်တော်ကိုယ်စားလှယ်များသည် နှောင့်ယှက်တိုက်ခိုက်မှုများကို ဆက်လက်ရင်ဆိုင်နေကြရသည်။ အထူးသဖြင့် "တံဆိပ်နီကပ်ခြင်း" အန္တရာယ်ကိုအသုံးပြုခြင်းကြောင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ဂျာနယ်လစ်များနှင့် အခြားပုဂ္ဂိုလ်များသည် ကွန်မြူနစ်များအဖြစ် စွပ်စွဲခံရသည်။ "တံဆိပ်နီကပ်"ခံရသူများသည် ရံဖန်ရံခါတွင် ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများကို ခံကြရပါသည်။

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံတို့တွင် ၂၀၂၃ ခုနှစ်အတွင်း ရွေးကောက်ပွဲများကျင်းပခဲ့ကြသော်လည်း အဆိုပါနိုင်ငံများတွင် လွှတ်တော်ကိုယ်စားလှယ်များအပေါ် ရုပ်ပိုင်းဆိုင်ရာနှင့် တရားစီရင်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့်ဖြစ်စေ၊ ပြည်သူများ၏ဆန္ဒကို မပြည့်ဝစေရန် တားဆီးထားသည့် ဒီမိုကရေစီစနစ်မဟုတ်သော ယန္တရားများကြောင့်ဖြစ်စေ ပြည်သူများသည် ၎င်းတို့အလိုရှိသော နိုင်ငံရေးခေါင်းဆောင်မှုအတွက် လွတ်လပ်စွာ မဲပေးပိုင်ခွင့်မရှိကြပါ။

ကမ္ဘောဒီးယားနိုင်ငံတွင် မကြာသေးမီကကျင်းပခဲ့သော ရွေးကောက်ပွဲများနှင့်စပ်လျဉ်း၍ ၂၀၂၃ ခုနှစ် မဲပေးမှုသည် ၁၉၈၅ ခုနှစ်ကတည်းက အုပ်ချုပ်ခဲ့သော အာဏာရှင်ခေါင်းဆောင် ဟွန်ဆန်နှင့် ၎င်း၏ မဟာမိတ်များအတွက် အာဏာချုပ်ကိုင်မှုကို ထပ်မံအားကောင်းစေသော နောက်ထပ်ပြဇာတ်ပင်ဖြစ်သည်။ ရွေးကောက်ပွဲတွင် ပါတီ ၃ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံ၏ အကြီးဆုံးအတိုက်အခံပါတီဖြစ်သည့် ဖယောင်းတိုင်အလင်းပါတီ Candlelight Party မှာ ရွေးကောက်ပွဲ မကျင်းပမီ ရက်သတ္တပတ်များအတွင်း သံသယရှိသော အုပ်ချုပ်ရေးဆိုင်ရာ အကြောင်းပြချက်များကြောင့် ရွေးကောက်ပွဲတွင်ပါဝင်ခြင်းမှ တားမြစ်ခံခဲ့ရသည်။ ရွေးကောက်ပွဲမတိုင်မီ ရက်သတ္တပတ်များအတွင်း ဟွန်ဆန်အစိုးရသည်

လူ့အခွင့်အရေးကာကွယ်သူများနှင့် အတိုက်အခံပါတီများအပေါ် မညှာမတာ တိုက်ခိုက်မှုများကိုလည်း ပြုလုပ်ခဲ့သည်။

တစ်ချိန်တည်းတွင် ထိုင်းနိုင်ငံ၌ ရှေ့သို့ချီပါတီ Move Forward Party သည် ၂၀၂၃ ခုနှစ် မေလ ရွေးကောက်ပွဲတွင် မဲအရေအတွက်အများဆုံးဖြင့် အနိုင်ရရှိခဲ့သော်လည်း ရွေးကောက်ခံမဟုတ်သော အထက်လွှတ်တော်အမတ်များကြောင့် အစိုးရဖွဲ့ခြင်းမှ ပိတ်ပင်ခံခဲ့ရသည်။ ရှေ့သို့ချီပါတီ Move Forward Party နှင့် ထိုစဉ်ကပါတီခေါင်းဆောင် Pita Limjaroenrat သည်ဝန်ကြီးချုပ်ဖြစ်ခြင်းမှ တားမြစ်ခံရသည့်အပြင်၊ တရားရေးဆိုင်ရာနှောင့်ယှက်သည့် လှုံ့ဆော်မှုများကိုလည်း ရင်ဆိုင်ခဲ့ကြရသည်။ ဤသည်မှာ မကြာသေးမီနှစ်များအတွင်း တိုးတက်သည့်နိုင်ငံရေးသမားများ၊ အထူးသဖြင့် Move Forward Party ၏ ယခင်ပါတီဖြစ်သည့် Future Forward Party ၏ပါတီဝင်များအပေါ် အသုံးပြုခဲ့သည့် နမူနာပုံစံ၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်သည်။

မလေးရှားနိုင်ငံတွင်မူ အစိုးရသစ်မှ ပြုပြင်ပြောင်းလဲရေးမူဝါဒလမ်းစဉ်အား စည်းရုံးလှုံ့ဆော်နေချိန်တွင် APHR မှ ရုပ်သိမ်းပေးရန် အကြိမ်ကြိမ်တောင်းဆိုပြီးဖြစ်သည့် Sedition Act ကဲ့သို့သော ပြင်းထန်လှသည့် ဥပဒေများမှတစ်ဆင့် အပါအဝင် တရားရေးဆိုင်ရာ နှောင့်ယှက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေသည်။ ယခင်က အတိုက်အခံလွှတ်တော်ကိုယ်စားလှယ်များ အပေါ် အသုံးချခဲ့သည့် အဆိုပါဥပဒေသည် အစိုးရကို ဆန့်ကျင်သော "နိုင်ငံတော်အကြည်အညိုပျက်စေမှု" အပါအဝင် မရေမရာစကားလုံးစီထားသည့် ပြစ်မှုများဖြင့် ထောင်ဒဏ် သုံးနှစ်မှ ခုနစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်သည်။

"လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် လည်ပတ်နေသော ဒီမိုကရေစီစနစ်အတွင်း အစိုးရကို ထိန်းကျောင်းကြီးကြပ်ပေးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့ကြောင့် ဥပဒေပြုအမတ်များသည် အစိုးရထံမှ ရန်တုံ့ပြန်ခြင်းကို ကြောက်ရွံ့ခြင်းကင်းမဲ့စွာဖြင့် ၎င်းတို့ထံအပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာကို အသုံးချနိုင်ရန်မှာ လွန်စွာအရေးကြီးလှပါသည်" ဟု APHR ဘုတ်အဖွဲ့ဝင်နှင့် မလေးရှားလွှတ်တော်အမတ် Wong Chen ကပြောသည်။ "ဒေသတွင်း လွှတ်တော်ကိုယ်စားလှယ်များ ရင်ဆိုင်နေရသည့် ဘေးအန္တရာယ်များအပေါ် *APHR* က သက်ဆိုင်သူအားလုံးနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများအား ဒေသတွင်း ဘေးအန္တရာယ်ရင်ဆိုင်နေရသော လွှတ်တော်အမတ်များကို အကာအကွယ်ပေးရန်အတွက် စုပေါင်းကြိုးပမ်းမှုများအား တိုးမြှင့်လုပ်ဆောင်ရန် ဆက်လက်တောင်းဆိုထားပါသည်။"